# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 26 , 2024 Volume 76, Number 18

၂၆.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၈.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၂.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၆.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၄.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၈၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၀၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၅၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၉၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၈၀၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၃၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၃၆

http://www.myantrade.gov.mm

## မန္တလေးဈေးကွက်အတွင်းသို့ အတာအိုးများ စတင်ဝင်ရောက်လာပြီး မန္တလေးမြို့နှင့် အနီးဝန်းကျင်ဒေသများသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိ



မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကာလတွင်အသုံးပြုရန် မန္တလေး ဈေးကွက်သို့ အတာအိုးများ စတင်ဝင်ရောက်လာပြီး မန္တလေးမြို့နှင့် အနီးဝန်းကျင်ဒေသများသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း မန္တလေးမြို့ရှိ မြေအိုးအမျိုးမျိုး ရောင်းဝယ်သူများ၏ ပြောဆိုချက်အရသိရသည်။

ယခုအခါ မန္တလေးဈေးကွက်အတွင်းသို့ ဝင်ရောက်လာသော အတာအိုးများတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တပ်ကြီးရွာမှ ထုတ်လုပ်သော အတာအိုးများ အများဆုံးဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်ရှိ ခက်သင်ရွာ၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ ရန္တပိုရွာနှင့် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်ရှိ နဘက်ရွာတို့မှ ထုတ်လုပ်သော အတာအိုးများလည်း မန္တလေး ဈေးကွက်သို့ဝင်ရောက်လာကာ ထိုအတာအိုးများကို မန္တလေးမြို့နှင့် အခြားဒေသများသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

သင်္ကြန်နားနီးလာတော့ အတာအိုးတွေ လက်ကားမှာတဲ့သူတွေ များလာတယ်။ လက်လီလာဝယ်လည်း ရောင်းပေးပါတယ်။ ဒီနှစ်မှာ ပိတောက်ခက်ပုံနဲ့ အတာအိုးလေးတွေက တော်တော်ရောင်းရတယ်။ ရိုးရိုးသောက်ရေအိုးတို့၊ ရေပိုက် ခေါင်းနဲ့

သောက်ရေအိုးတို့ အဲဒါတွေလည်းရောင်းရတယ်”ဟု မန္တလေးမြို့ရှိ ရွှေညောင်ပင် အိုးအမျိုးမျိုးရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်တင်မာနွယ်က ပြောသည်။

ထိုသို့ရောင်းချရာတွင် လက်လီဈေးနှုန်းအနေဖြင့် ရိုးရိုးအတာအိုးတစ်လုံးလျှင် ငွေကျပ် ၈၀၀၊ ခွာဒေါက်နှင့် အတာအိုးတစ်လုံးလျှင် ငွေကျပ် ၁၀၀၀၊ ပိတောက်ခက်ပုံနှင့် အတာအိုးတစ်လုံးလျှင် ငွေကျပ် ၁၂၀၀ စသည်ဖြင့် ဈေးနှုန်းများ သတ်မှတ်ရောင်းချလျက်ရှိကြောင်း သိရသည်။

နှစ်စဉ် သင်္ကြန်ကာလနီးလျှင် မန္တလေးဈေးကွက်၌ အတာအိုးများ လက်လီလက်ကားရောင်းချရသည့်နည်းတူ ဘုရားပွဲတော်ကာလများတွင် ဘုရားမီးပူဇော်ရန် ဆီမီးခွက်များ၊ မိုးရာသီကာလတွင် အလှစိုက်ပန်းအိုးများစသည့် အိုးအမျိုးမျိုး ကို ရာသီအလိုက်ရောင်းချနေရကြောင်းသိရသည်။ ယခုအခါ မြေအိုးထုတ်လုပ်ရောင်းချသော လုပ်ငန်းများကို ရှေးလူကြီးများကသာ မိရိုးဖလာလုပ်ငန်းအဖြစ်လုပ်ကိုင်ကြပြီး လူငယ်များလုပ်ကိုင်မှုနည်းပါးလာသော်လည်း အိုးလုပ်ငန်းမှာ မြန်မာ့ရိုးရာလက်မှုပညာရပ်အနေဖြင့် ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/53943

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၆ ရက်မှ ၂၂ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ မြေထောက်ပဲ၊ ငရုတ်သီးခြောက်၊ ပဲယင်း၊ ထောပတ်ပဲ၊ ချဉ်ပေါင်ဖာလာ၊ ကော်ဖီစေ့၊ ဖရဲသီး၊ သီဟိုဠ်စေ့၊ ဆန်ကွဲ၊ ဆန်၊ ကြက်သွန်နီ၊ ပဲမျိုးစုံ၊ ဖရုံသီးမြေပဲ၊ ဖရုံသီး၊ စကျင်ကျောက်ဆင်းတု၊ နှမ်းနှင့် IRON CONCENTRADE များ တင်ပို့ခဲ့ပြီး ပို့ကုန်၏ စုစုပေါင်းငွေပမာဏမှာ ၁၅၆၁၈၄၂၉ ဒသမ ၀၀၀ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၄ ခုနှစ်၊ မတ်လ ၉ ရက်မှ ၁၅ ရက်နေ့ထိ တင်ပို့ကုန်၏ငွေပမာဏ ၂၂၃၁၅၇၀၀ ဒသမ ၉၀၀ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၆၆၉၇၂၇၁ ဒသမ ၉၀၀ ကန်ဒေါ်လာတန်ဖိုး လျော့နည်း၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၄ ခုနှစ်၊ မတ်လ ၁၆ ရက်မှ ၂၂ ရက်နေ့အတွင်း ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဆေးဝါး ပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ သံနှင့်သံမဏိပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ အခြားစက္ကူများ၊ သံပိုက်၊ ကားတာယာနှင့် လျှပ်စစ်ပစ္စည်းများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ ငွေပမာဏ တန်ဖိုးမှာ ၁၄၀၀၂၉၅ ဒသမ ၇၀၀ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၄ ခုနှစ်၊ မတ်လ ၉ ရက်မှ ၁၅ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုး ၁၇၀၂၃၉၆ ဒသမ ၅၅၀ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၃၀၂၁၀၀ ဒသမ ၈၅၀ ကန်ဒေါ်လာတန်ဖိုး လျော့နည်း၍တင်သွင်းခဲ့သည်ကို တွေ့ရသည်။

တင်ပို့ကုန်နှင့်တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၁၄၂၁၈၁၃၃ ဒသမ ၃၀၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရသည်။ ငွေလဲနှုန်းများမှာ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၀ ဒသမ ၆၉၀ ကျပ်ရှိကြောင်းသိရှိရသည်။

**Source:** ကချင်ပြည်နယ်ဦးစီးမှူးရုံး

## မအူပင်မြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ ဖေဖော်ဝါရီလတွင် ငရုတ်သီးခြောက် ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ ဖေဖော်ဝါရီလတွင် ငရုတ်သီးခြောက် ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မအူပင်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းကပြောပြ၍ သိရသည်။



မအူပင်မြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ ပြီးခဲ့သည့် ဇန်နဝါရီလက ငရုတ်သီးခြောက် ပိဿာချိန် ၅၃,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၉ ရက်နေ့ထိ ငရုတ်သီးခြောက်ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၉၅,၀၀၀ ထိဈေးပေါက်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလကထက် ဖေဖော်ဝါရီလအတွင်း ငရုတ်သီးခြောက်ပိဿာချိန် တော်တော်များများ ပိုမိုတင်ပို့ရောင်းချခဲ့ရတယ်။ ဒေသလယ်ယာထွက်ကုန်တွေကို ရန်ကုန်အပြင် အခြားနယ်မြို့တွေဘက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ အခုနှစ် ဒေသထွက်ငရုတ်သီးတွေက အရည်အသွေးကောင်းပါတယ်။ ငရုတ်သီးက အရည်အသွေးကောင်းတော့ ရက်ရှည်အထားခံပြီး ရောင်းပန်းလှတယ်လေ။ လက်ရှိ ငရုတ်သီးခြောက်ဈေးကတော့ ၁၀ ပိဿာကို ငွေကျပ် ၉၅,၀၀၀ ထိပေါက်နေပါတယ်။ လက်ရှိဒေသမှာ တောင်သူတွေက နွေငရုတ်တွေ စိုက်ဖို့ လုပ်ကိုင်ပြင်ဆင်နေတာလဲ တွေ့ရပါတယ်" ဟု မအူပင်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းကပြောပြသည်။

မအူပင်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ငရုတ်စိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသမှထွက်ရှိလာသော ငရုတ်သီးများလည်း အရည်အသွေးကောင်းမွန်ကြောင်း၊ လက်ရှိ ငရုတ်သီးခြောက်များ တင်ပို့ရောင်းချအားတက်လာခြင်း၊ ငရုတ်အရည်အသွေးကောင်းလာခြင်းကြောင့် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းနေကြောင်း ဒေါ်ရီရီဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

https://myantrade-gov-mm.translate.goog/artic

## မွန်ပြည်နယ် ဆားဈေးကွက်အတွင်း ဆားဈေးနှုန်း ကျဆင်းနေသော်လည်း အရောင်းအဝယ် ပုံမှန်ရှိနေဟုဆို



မွန်ပြည်နယ် ဆားဈေးကွက်အတွင်း ဆားဈေးနှုန်းကျဆင်းနေသော်လည်း အရောင်းအဝယ် ပုံမှန်ရှိနေကြောင်း ဆားလုပ်ငန်းလုပ်ကိုင်သူများ၏ ပြောပြချက်အရ သိရသည်။

ဆားလုပ်ငန်းကို ပွင့်လင်းရာသီတွင် စတင်လုပ်ကိုင်ကြပြီး မုတ်သုံဝင်ပါက ဆားထုတ်လုပ်သည့်လုပ်ငန်းများ ရပ်နားကြကြောင်း သိရသည်။

ယခုနှစ် ဆားထုတ်လုပ်သည့်ရာသီတွင် ရာသီဥတုကောင်းမွန်သည့်အတွက် ဆားအထွက်နှုန်းပြည့်မီသည့်အပြင် ဆားဝယ်လိုအားပါ ကောင်းမွန်ကြောင်းလည်း သိရသည်။

ဆားဈေးနှုန်းအနေဖြင့် ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် ဆားကြမ်းတစ်ပိဿာလျှင် ငွေကျပ် ၁၈၅ ကျပ်အထိ ဈေးကောင်းရရှိခဲ့ပြီး ယခုလတွင် တစ်ပိဿာလျှင် ငွေကျပ် ၁၆၀ ကျပ်အထိ ဈေးကျဆင်းလာကြောင်း သိရသည်။

မွန်ပြည်နယ်မှ ဆားရာသီ တစ်ရာသီလျှင် ဆားတန်ချိန် သုံးသောင်းဝန်းကျင်ထွက်ရှိပြီး လက်ရှိအချိန်ထိ ဆားတန်ချိန် တစ်သောင်းကျော်ထွက်ရှိကြောင်း သိရသည်။

မွန်ပြည်နယ်မှထွက်ရှိသည့် ဆားကြမ်းများကို ဆားချောကြိတ်ပြီး မန္တလေးတိုင်းဒေသကြီးသို့တင်ပို့ကာ ထိုမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်တို့သို့ တင်ပို့သကဲ့သို့ ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးမှလည်း မှာယူလျက်ရှိကြောင်း သိရသည်။

**Source: https://www-popularmyanmar-com.translate.goog/**

## ယခုနှစ်တွင် ပြည်ပသို့ ကော်ဖီတန်ချိန် ၂၀၀၀ ခန့် တင်ပို့နိုင်ရန် ခန့်မှန်းထား



ယခု ၂၀၂၄ ခုနှစ်တွင် ပြည်ပသို့ ကော်ဖီတန်ချိန် ၂၀၀၀ ခန့် တင်ပို့နိုင်ရန် ခန့်မှန်းထားကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရသည်။

ပြီးခဲ့သည့်နှစ် ဧပြီ၊ မေ၊ ဇွန်လတွင် တရုတ်နှင့်ထိုင်းနိုင်ငံသို့ ကော်ဖီတန်ချိန် ၁၀၀၀ နှင့် ၁၅၀၀ ကြား တင်ပို့ထားပြီး ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ ဥရောပ၊ ဂျပန်၊ ကိုရီးယားနှင့် အာရှနိုင်ငံများသို့ တန်ချိန် ၅၀၀ နှင့် ၈၀၀ ကြား တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

“ဒီနှစ်လည်း မနှစ်ကအတိုင်း တင်ပို့ဖို့ရှိပါတယ်။ အခုက ကော်ဖီခူးဆွတ်တဲ့ရာသီဆိုတော့ တော်တော်များများမှာလည်း ခူးပြီးနေပြီ။ ပုံမှန်ဆိုရင် ဧပြီ၊ မေ၊ ဇွန်လမှာ ပြည်ပကိုတင်ပို့ပါတယ်။ အာရေဗီးကား ကော်ဖီကတော့ ပြည်ပဈေးကွက်ရရှိထားပါတယ်။ ရိုဘတ်စတာကော်ဖီ အမျိုးအစားကတော့ ပြည်တွင်းဈေးကွက်မှာ သုံးစွဲမှုများပါတယ်”ဟုမြန်မာနိုင်ငံကော်ဖီအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နေပြည်တော်၊ ရှင်းဒေသ (sic) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ဒေသတို့တွင် ကော်ဖီဇုန်များသတ်မှတ်၍ ဆောင်ရွက်လျက်ရှိပြီး ချင်းပြည်နယ်နှင့်ပဲခူးတိုင်းဒေသကြီး၊ သံတောင်ကြီးဒေသ၊ ပအိုဝ်းဒေသတို့တွင်လည်း ကော်ဖီကိုစိုက်ပျိုးကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ဧက ၄၀,၀၀၀ ဝန်းကျင်ရှိပြီး တန်ချိန် ၈၀၀၀ နှင့် ၁၀,၀၀၀ ကြား ထွက်ရှိကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=153169

## မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့်အာလူးများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်နီနီဝင်း၏ ပြောပြချက်အရသိရသည်။ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်ဘက်မှ ထွက်ရှိသည့်အာလူးများ ပုံမှန်ဝင်ရောက်လျက်ရှိပြီး လက်ရှိတွင် အာလူးပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၄၅၀,၀၀၀ အထိ ဈေးရှိကြောင်းသိရသည်။

“ရှမ်းပြည်နယ်ဘက်ကနေ မအူပင်မြို့နယ်ဘက်ကို အာလူးတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ဒါပေမဲ့ ဒီနှစ်အာလူးအထွက်နှုန်းနည်းပါတယ်။ ဒါကြောင့်လည်း မနှစ်ကထက် အာလူးဈေးကကောင်းနေတယ်။ မနှစ်က ပိဿာချိန် ၁၀၀ ကို ငွေကျပ် ၃၅၀,၀၀၀ လောက်ပဲ ဈေးရှိခဲ့တာပါ။ လက်ရှိမှာ ပိဿာချိန် ၁၀၀ ကို ငွေကျပ် ၄၅၀,၀၀၀ အထိ ဈေးရှိနေပါတယ်။ လက်ရှိ တစ်ရက်ကို အာလူးပိဿာချိန် ၁၅၀၀ ကျော်လောက် အရောင်းအဝယ်ဖြစ်နေပါတယ်” ဟု ဒေါ်နီနီဝင်းကပြောသည်။ မအူပင်မြို့နယ်၌ လက်ရှိတစ်ရက်လျှင် အာလူးပိဿာချိန် ၁၅၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm

## အိန္ဒိယနိုင်ငံ၌ အရန်ရိက္ခာပဲစင်းငုံကို အမြောက်အမြားဝယ်ယူရရှိရန် ခက်ခဲဖွယ်ရှိ

အိန္ဒိယနိုင်ငံ၌ ကုန်စည်အဝယ်ဒိုင်များတွင် ပဲစင်းငုံလက်ကား ဈေးနှုန်းများသည် အခြေခံရည်ညွှန်းဈေးနှုန်း သတ်မှတ်ချက်ဖြစ်သော ၁ ကွမ်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၇၀၀၀ နှုန်းထက် ၅၀ ရာခိုင်နှုန်းခန့် ပိုမိုလျက်ရှိရာ အစိုးရ၏ဝယ်ယူရေးအေဂျင်စီများအနေဖြင့် ပဲစင်းငုံအရန်ရိက္ခာ တန်ချိန် ၁ သန်းကို ပြည့်မီစွာဖြင့် တောင်သူများထံမှ တိုက်ရိုက်ဝယ်ယူရရှိနိုင်ရေး



အပြင်းအထန် အားထုတ်ကြိုးပမ်းနေရ ကြောင်း Financial Express သတင်းဌာနက ဖော်ပြသည်။

အမျိုးသားစားသုံးသူများ သမဝါယမအသင်းချုပ် (NCCF) သည် အခြေခံရည်ညွှန်းဈေးထက် ပိုမိုသောပြောင်းလဲမှုရှိသည့် ဈေးနှုန်း တွက်ချက်မှုစနစ်ဖြင့် ယခုနှစ်ဆန်းပိုင်းမှစတင်၍ တောင်သူများထံမှ တိုက်ရိုက်ဝယ်ယူခဲ့သော်လည်း လက်ရှိအချိန်အထိ ပဲစင်းငုံတန်ချိန် ၂၀,၀၀၀ ခန့်သာ ဝယ်ယူရရှိခဲ့ကြောင်း၊ အစိုးရအေဂျင်စီများအနေဖြင့် ပဲစင်းငုံကို ပြင်ပဈေးနှုန်းဖြင့် တောင်သူများထံမှ ဝယ်ယူခြင်း ဖြစ်သော်လည်း ဈေးကွက်တွင် ပိုမိုဈေးကောင်းပေးဝယ်ယူမှုများရှိသဖြင့် အရန်ရိက္ခာ ပမာဏ အများအပြားကို ဝယ်ယူရရှိရန် ခက်ခဲမှုရှိမည်ဖြစ်ကြောင်း၊ ပဲစင်းငုံများ ဈေးကွက်သို့ဝင်ရောက်မှုမှာ အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိခဲ့ပြီး ကုန်စည်အဝယ်ဒိုင်များ၌ ၁ ကွမ်တယ်လျှင် ရူပီး ၁၀,၄၀၀ နှုန်းခန့်ဖြင့် အခြေခံရည်ညွှန်းဈေးနှုန်းထက် ၄၈ ရာခိုင်နှုန်း ပိုမိုလျက်ရှိကြောင်း၊ ဈေးနှုန်းများ ထပ်မံမြင့်တက်လာနိုင်ခြေကို မျှော်လင့်လျက် တောင်သူများသည် ၎င်းတို့ လက်ဝယ်၌ ပဲများကိုသိုလှောင်ထားပြီး နောက်လအထိ ဈေးကွက်သို့ ကုန်စည်ဝင်ရောက်မှုရှိမည်ဖြစ်ကြောင်း ကုန်သည်များက ပြောဆိုခဲ့ကြသည်။

အစိုးရအရာရှိများကမူ ပဲစင်းငုံ ဝယ်လိုအားနှင့်ရောင်းလိုအားတို့အကြား ကွာဟချက်ကြီးမားမှုက ဈေးနှုန်းများ မြင့်တက်မှုကို ဖြစ်ပေါ်စေခဲ့သည်ဟု ပြောဆိုကြသည်။ ၂၀၂၃-၂၀၂၄ သီးနှံ ရာသီနှစ် ဇူလိုင်-ဇွန် ကာလအတွင်း ပဲစင်းငုံစိုက်ပျိုးထွက်ရှိမှုမှာ တန်ချိန် ၃ ဒသမ ၃၃ သန်းခန့်ရှိမည်ဟုခန့်မှန်းထားပြီး ယခင်နှစ်ထုတ်လုပ်မှုအောက် အနည်းငယ်လျော့နည်းမည်ဖြစ်သည်။

၂၀၂၂-၂၃ ခုနှစ်တွင် ပဲမျိုးစုံ စုစုပေါင်းထုတ်လုပ်မှုမှာ တန်ချိန် ၂၆ ဒသမ ၀၅ သန်းရှိပြီး နှစ်စဉ်စားသုံးမှုမှာ တန်ချိန် ၂၈ သန်း ခန့်ရှိကြောင်း၊ ပဲစင်းငုံ၊ မတ်ပဲနှင့်ပဲနီလေးတို့၏ ထုတ်လုပ်မှုနှင့်စားသုံးမှုမှာ လိုက်ဖက်ညီမျှမှုမရှိဘဲ ကွာဟချက်ဖြစ်ပေါ်ခဲ့ကြောင်း သတင်းအရင်းအမြစ်များက ပြောဆိုခဲ့သည်။

အိန္ဒိယအစိုးရသည် ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ မတ်ပဲ၊ ပဲစင်းငုံနှင့်ပဲနီလေးတို့ တင်သွင်းမှုအပေါ် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားရာ အဆိုပါပဲမျိုးများကို စိုက်ပျိုးထုတ်လုပ်တင်ပို့သည့်နိုင်ငံများရှိ တောင်သူများအနေဖြင့် သီးနှံစိုက်ပျိုးရန် ကောင်းစွာဆုံးဖြတ် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ လက်ရှိကာလတွင် လိုအပ်သောသွင်းကုန်အတွက် နိုင်ငံအနည်းငယ်အပေါ် မှီခို နေရခြင်းမှ အရင်းအမြစ်တိုးချဲ့နိုင်ရေး အိန္ဒိယအစိုးရကကြိုးပမ်းလျက်ရှိပြီး အထူးသဖြင့် ဘရာဇီးနှင့်အာဂျင်တီးနားတို့တွင် မတ်ပဲနှင့်ပဲစင်းငုံ စိုက်ပျိုးထုတ်လုပ်လျက် တင်သွင်းရယူနိုင်မည့် အလားအလာကို လေ့လာလျက်ရှိသည်။

**Source: Financial Express, 18 Mar 2024 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source:** https://www.doca.gov.mm

**https://myantrade-gov-mm**

## ရောင်းလိုအားနည်းပါးပြီး ဝယ်လိုအားကောင်းမှုအရ ဗီယက်နမ်ကော်ဖီစေ့ ဈေးနှုန်းများမြင့်တက်



ဗီယက်နမ်နိုင်ငံတွင် ရောင်းလိုအားကျဆင်းမှုကြောင့် ၂၀၂၄ ခုနှစ် မတ်လအစောပိုင်းတွင် ကော်ဖီစေ့ဈေးနှုန်း များမှာ ၈ ဒသမ ၉၆ ရာခိုင်နှုန်းမြင့်တက်ပြီး ကော်ဖီစေ့ ၁ ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင်ငွေ ၉၁,၂၀၀ (အမေရိကန် ဒေါ်လာ ၃ ဒသမ ၇၀) သို့ ရောက်ရှိခဲ့ပါသည်။ ဈေးနှုန်း အနည်းငယ်ပြန်မကျမီ ၃ ရက်ခန့်အလိုဖြစ်သော မတ်လ ၈ ရက်နေ့တွင် ကော်ဖီဈေးနှုန်းသည် ဗီယက်နမ်ဒေါင် ၉၂,၀၀၀ ဖြင့် အမြင့်ဆုံး စံချိန်တင်ရောက်ရှိခဲ့ပြီး ၁ နှစ်တာကာလအတွင်း ၂၈ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ Dak Lak ခရိုင်ရှိ ကော်ဖီကုန်သည်တစ်ဦးဖြစ်သူ Ms. Nguyen Hoang Yen က ၂၀၂၂-၂၃ ကော်ဖီရိတ်သိမ်းရာသီအတွင်း ဒီဇင်ဘာလကပင် ၎င်း၏ကော်ဖီစေ့ ကုန်လက်ကျန်တစ်ဝက်မှာ တင်ပို့သူများထံရောင်းချခဲ့ပြီးဖြစ်ကြောင်းနှင့် ကမ္ဘာ့ကော်ဖီစေ့ ဝယ်လိုအားမြင့်တက်ပြီး အရောင်းကျဆင်းနေမှုကြောင့် ကော်ဖီစေ့ဈေးနှုန်းများမှာ မကြာမီကာလတွင် စံချိန်အသစ်သို့ ဆက်လက်မြင့်တက်လာနိုင်ကြောင်း ပြောဆိုသည်။

ကော်ဖီစေ့ ဝယ်လိုအားမြင့်မားနေမှုကြောင့် မေလတွင်တင်ပို့ရမည့် ရိုဘတ်စတာကော်ဖီ LRCc2 ကြိုတင်အရောင်းစာချုပ်ပါ ဈေးနှုန်းမှာ ယခုနှစ်အတွင်း ဒေါ်လာ ၂၀၀ ခန့်မြင့်တက်ခဲ့ပြီး မတ်လဒုတိယပတ်၌ ၁ တန်လျှင် ဒေါ်လာ ၃၃၈၁ နှုန်းသို့ ရောက်ရှိခဲ့ကြောင်း Dak Lak ခရိုင် စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ပြောကြားခဲ့သည်။ ဗီယက်နမ်ကိုကာကော်ဖီအသင်း (VICOFA) ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Do Ha Nam က ကမ္ဘာ့ကော်ဖီ ရောင်းလိုအားမှာ လျော့နည်းကျဆင်းလျက်ရှိကြောင်း၊ ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သောရာသီကာလအတွင်း ရိတ်သိမ်းခဲ့သော ကော်ဖီ၏ ၃၀ ရာခိုင်နှုန်းမျှသာ ဈေးကွက်တွင် ဆက်လက်ကျန်ရှိကြောင်းနှင့် အသင်း၏ခန့်မှန်းချက်အရ ရာသီဥတုပြောင်းလဲမှုနှင့် တောင်သူများမှ ပိုမိုအမြတ်အစွန်းရရှိသည့် ဒူးရင်းသီးနှင့်အခြားသစ်သီးများသို့ ပြောင်းလဲစိုက်ပျိုးကြခြင်းကြောင့် ယခုနှစ်ကော်ဖီရိတ်သိမ်းမှုမှာ ၁၀ ရာခိုင်နှုန်းခန့် လျော့နည်း ကျဆင်းနိုင်ကြောင်း ပြောကြားခဲ့သည်။

အခြားသော ကော်ဖီထုတ်လုပ်မှု အကြီးမားဆုံးနိုင်ငံများဖြစ်သည့် ဘရာဇီး၊ အင်ဒိုနီးရှားနှင့်အိန္ဒိယတို့တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ကော်ဖီစေ့ထုတ်လုပ်မှုမှာ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအကြား ကျဆင်းခဲ့သည်။ ပင်လယ်နီဒေသ၌ လုံခြုံရေးတင်းမာမှုများကြောင့် သင်္ဘောတင်ပို့ခများမြင့်တက်မှုနှင့်အတူ ကော်ဖီဈေးနှုန်းများသည်လည်း လိုက်ပါမြင့်တက်လာကြောင်းသိရသည်။ ကော်ဖီစေ့လှော်သည့် လုပ်ငန်းအများအပြား၏ ဝယ်လိုအားမြင့်တက်သော အချိန်ကာလဖြစ်သည့် ဇွန်လအတွင်း ကမ္ဘာ့အဓိက စီးပွားရေးဖွံ့ဖြိုးတိုးတက်သောနိုင်ငံများက အတိုးနှုန်းများ ဖြတ်တောက်လျှော့ချရန စီမံဆောင်ရွက်မှုနှင့်အတူ ကော်ဖီစေ့ဈေးနှုန်းများမှာ မကြာမီကာလအတွင်း လျော့နည်းကျဆင်းနိုင်မည့် အလားအလာမရှိကြောင်း VICOFA အသင်း၏ ပြောကြား ချက်အရ သိရသည်။

ဘရာဇီးနိုင်ငံ၏နောက်တွင် ကမ္ဘာ့ဒုတိယအကြီးမားဆုံး ကော်ဖီတင်ပို့သည့် ဗီယက်နမ်နိုင်ငံ၌ ကော်ဖီထုတ်လုပ်မှု၏ ၃၀ ရာခိုင်နှုန်းကျော်သည် Dak Lak ဒေသမှ ထွက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ်၏ ပထမ ၄၅ ရက်အတွင်း ဗီယက်နမ်နိုင်ငံသည် တန်ဖိုးအားဖြင့် ဒေါ်လာ ၉၁၁ သန်းရှိသော ကော်ဖီတန်ချိန် ၂,၉၅,၀၀၀ ခန့်ကိုတင်ပို့ခဲ့ပြီး နှစ်အလိုက်တိုးတက်မှု ၆၇ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံတွင် လက်ရှိကော်ဖီစေ့ ပျမ်းမျှဈေးနှုန်းမှာ ၁ တန်လျှင် ဒေါ်လာ ၃၁၀၀ ရှိသဖြင့် ယခင်နှစ်ကာလတူထက် ၄၃ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခဲ့ကြောင်းနှင့် VICOFA အသင်း၏ ခန့်မှန်းချက်အရ ကော်ဖီတင်ပို့မှုမှာ ၂၀၂၃ ခုနှစ်၌ရရှိခဲ့သော တင်ပို့မှုတန်ဖိုး ဒေါ်လာ ၄ ဒသမ ၂၄ ဘီလီယံကို ကျော်လွန်လျက် ၂၀၂၄ ခုနှစ်အတွင်း ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံမှ ၅ ဘီလီယံအထိ စံချိန်တင် ရောက်ရှိဖွယ်ရှိကြောင်း သိရသည်။

Source: VnExpress International, March 18, 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန် များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm, https://myantrade-gov-mm.translate.goog/

## ရုရှားသို့ နယ်သာလန်မှ ခေတ်မီစိုက်ပျိုးရေးစက်များ တင်ပို့မှုမြင့်တက်လာ

လက်ရှိတွင် နယ်သာလန်သည် ယူကရိန်းပဋိပက္ခမတိုင်မီကထက် ရုရှားနိုင်ငံသို့ စိုက်ပျိုးရေးထွက်ကုန်များ၊ ခေတ်မီစိုက်ပျိုးရေးစက်ပစ္စည်းများနှင့် ကာကွယ်ဆေးများ ပိုမိုတင်ပို့လျက်ရှိကြောင်း NL Times သတင်းဌာနက ဖော်ပြထားသည်။

နယ်သာလန်နိုင်ငံမှ ခေတ်မီစိုက်ပျိုးရေးစက်ပစ္စည်းများနှင့် ကာကွယ်ဆေးများကို ရုရှားနိုင်ငံတွင် အထူးဝယ်လိုအားများနေကြောင်း၊ ရုရှားသို့ နယ်သာလန်၏တင်ပို့မှုသည် ၂၀၂၁ ခုနှစ်တွင် ယူရို ၁၈၄ သန်းမှ ၂၀၂၂ ခုနှစ်တွင် ယူရို ၂၃၉ သန်းအထိ တိုးလာခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် ပထမကိုးလအတွင်း နယ်သာလန်၏ပို့ကုန်ပမာဏသည် ယူရို ၁၇၂ သန်းရှိသဖြင့် အပြုသဘောဆောင်သော လမ်းကြောင်းများကိုတွေ့ရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန်အတွက် ရုရှားဈေးကွက်တွင် အခြားသောထုတ်ကုန်များလည်း ဝယ်လိုအားရှိနေကြောင်း၊ နယ်သာလန်ကုမ္ပဏီများသည် ရုရှားနိုင်ငံ၏

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်ရာတွင် အထောက်အကူပြုနေကြောင်း ဖော်ပြထားသည်။

ရုရှားတွင် ဖန်လုံအိမ်စိုက်ပျိုးမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်သာလန်စီးပွားရေးအသိုင်းအဝိုင်းသည် ထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း မော်စကိုရှိ နယ်သာလန်စိုက်ပျိုးရေးကောင်စီအဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

NL Times ၏ သတင်းအချက်အလက်များအရ ရုရှားသည် ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်များတွင် ယခင်ကထက် ဂျုံနှင့်ဂျုံမှုန့်ကို ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ရုရှားသည် လယ်ယာထွက်ကုန် ပမာဏတန်ဖိုး ယူရို ၂၃ ဒသမ ၅ ဘီလီယံ တင်ပို့နိုင်ခဲ့ကြောင်း၊ ယခု ၂၀၂၄ ခုနှစ်တွင် ယူရို ၄၀ ဘီလီယံကျော်အထိ တင်ပို့နိုင်မည်ဟု ခန့်မှန်းကြောင်းသိရသည်။

**Source : https://tass.ru/ekonomika/20309287**

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

## STOCK EXCHANGE (26.3.2024)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data


As of 26th Mar. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,359 (Shares) | 20,792,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,500 | 8,500 | 8,300 | 1,054 | 8,760,800 | 33,109,694 | 278,121 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,900 | 2,850 | 3,752 | 10,693,250 | 38,929,150 | 110,948 |
| MCB | 00003 | 7,800 | +100 | +1.30% | 7,800 | 7,800 | 7,800 | 2 | 15,600 | 10,400,986 | 81,128 |
| FPB | 00004 | 1,500 | +50 | +3.45% | 1,500 | 1,500 | 1,450 | 40 | 58,700 | 29,664,613 | 44,497 |
| TMH | 00005 | 2,600 | -200 | -7.14% | 2,600 | 2,600 | 2,600 | 269 | 699,400 | 12,823,224 | 33,340 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 77 | 134,650 | 19,977,223 | 34,960 |
| AMATA | 00007 | 4,700 | -100 | -2.08% | 4,700 | 4,700 | 4,500 | 48 | 217,600 | 10,497,598 | 49,339 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,850 | 1,850 | 1,800 | 117 | 212,700 | 23,804,946 | 42,849 |


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 26th Mar. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.96 | -0.58 | -0.16% | 360.35 | 360.35 | 357.87 | 5,359 | 20,792,700 | 8 | 675,182 |

**Index chart**

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 26th Mar. 2024

| Trading Volume | Trading Value |
|---|---|
| 5,359 (Shares) | 20,792,700 (MMK) |

## Main Board

As of 1:00 pm, 26th Mar. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,359 (Shares) | 20,792,700 (MMK) |

| MYANPIX | 357.96 ▼ 0.58 |
|---|---|
| Total Volume (shares) | 5,359 |
| Total Value (MMK) | 21 mil |
| Listed Company | 8 |
| Market Cap. (MMK) | 675,182 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 100 |
| FPB | 00004 | 1,500 | ▲ 50 |
| TMH | 00005 | 2,600 | ▼ 200 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,700 | ▼ 100 |
| MAEX | 00008 | 1,800 | ▲ 0 |

TIR